ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
နေပြည်တော်

ညွှန်ကြားချက်အမှတ် ၃ / ၂၀၂၀
၁၃၈၁ ပြည့်နှစ် တပေါင်းလဆန်း (၁၁) ရက်
(၂၀၂၀ ပြည့်နှစ် မတ်လ ၄ ရက်)

## အာမခံအမျိုးအစားများ လုပ်ကိုင်ခွင့်ပြုခြင်း ညွှန်ကြားချက်

၁။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အာမခံအမျိုးအစားများ လုပ်ကိုင်ခွင့်ပြုခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

### ရည်ရွယ်ချက်

၂။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အာမခံအမျိုးအစားများသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၏ ရည်ရွယ်ချက်များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၊

(ခ) အာမခံပေါ်လစီပါ စည်းကမ်းချက်များသည် အာမခံထားလိုသူများနှင့် ကြားခံဆက်သွယ်ပေးသူများအတွက် ရှင်းလင်းမှုရှိစေရန်၊ မျှတမှုရှိစေရန်နှင့် အဓိပ္ပါယ်ကွဲလွဲမှု မရှိစေရန်၊

(ဂ) အာမခံပေါ်လစီ၏ ပရီမီယံနှုန်းထားနှင့် စည်းကမ်းချက်များကို အာမခံသင်္ချာပညာရပ်ဆိုင်ရာ တွက်ချက်မှုနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်စေရန်။

### အာမခံအမျိုးအစားများ ခွင့်ပြုခြင်း

၃။ (က) အာမခံကုမ္ပဏီများသည် အာမခံအမျိုးအစားသစ်များကို ရောင်းချခြင်း သို့မဟုတ် ခွင့်ပြုပြီး အာမခံအမျိုးအစားများ၏ စည်းကမ်းချက်များကို ပြင်ဆင်ခြင်း ဆောင်ရွက်လိုပါက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။ ခွင့်ပြုချက်ရယူရာတွင်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အောက်ပါတို့ကိုဖော်ပြလျှောက်ထားရမည်-

(၁) အာမခံပေါ်လစီ (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ)

(၂) စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊

(၃) အတည်ပြုချက် (အပိုအကာအကွယ်များ)၊

(၄) ပရီမီယံနှုန်းထားအသေးစိတ်တွက်ချက်မှု၊

(၅) အာမခံပညာရပ်ဆိုင်ရာ သတ်မှတ်ချက်များ၊

(၆) အာမခံအကာအကွယ်တွင် အကျုံးမဝင်သည့်အချက်များ၊

(၇) ခန့်မှန်းပရီမီယံနှုန်းထားနှင့်အရန်ငွေထားရှိရန် တွက်ချက်မှုများ၊

(၈) အာမခံဆိုင်ရာ အထွေထွေပြဋ္ဌာန်းချက်များနှင့်

(၉) အခြားလိုအပ်သော သတင်းအချက်အလက်များ။

(ခ) ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မတိုင်မီ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ခွင့်ပြုပြီးသည့် အာမခံအမျိုးအစားများကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ (၉-၁-၂၀၂၀) ရက်စွဲပါ စာအမှတ် FRD/ IBRB (၂၃၂/၂၀၂၀)နှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအတွက် လိုအပ်သည်ဟု အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က ဆုံးဖြတ်ပါက အဆိုပါအမျိုးအစားများနှင့်ပတ်သက်၍ အခြား လိုအပ်သော သတင်းအချက်အလက်များကို တောင်းခံနိုင်သည်။

(ဂ) အာမခံကုမ္ပဏီက အာမခံအမျိုးအစားသစ်ထုတ်ဝေရန် လိုအပ်သည့် သတင်းအချက် အလက်များပြည့်စုံစွာဖြင့် လျှောက်ထားတင်ပြလာပါက ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသည် စတင်လက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၄။ အာမခံကုမ္ပဏီသည် အာမခံအမျိုးအစားသစ်ရောင်းချရန် သို့မဟုတ် ခွင့်ပြုပြီးအာမခံ အမျိုးအစားများကို ပြင်ဆင်ရန်ရှိပါက အာမခံပရီမီယံနှုန်းထားနှင့်စည်းကမ်းချက်များသည် အာမခံ သင်္ချာပညာရပ်ဆိုင်ရာတွက်ချက်မှုနှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ်မှတ်ထားကြောင်း၊ အာမခံပေါ်လစီပါ စည်းကမ်းချက်များသည် အာမခံထားလိုသူများနှင့် ကြားခံဆက်သွယ်ပေးသူများအတွက် ရှင်းလင်းမှုရှိကြောင်း၊ မျှတမှုရှိကြောင်းနှင့် အဓိပ္ပါယ်ကွဲလွဲမှု မရှိကြောင်း ဖော်ပြလျက် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနထံသို့ လျှောက်ထားတင်ပြ နိုင်သည်။

၅။ အာမခံကုမ္ပဏီသည် တစ်ကြိမ်လျှင် အာမခံအမျိုးအစားသစ်တစ်မျိုးကိုသာ တင်ပြ လျှောက်ထားရမည်ဖြစ်ပြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အာမခံအမျိုးအစားသစ်တစ်မျိုးကို အတည်ပြုပြီးနောက် အာမခံကုမ္ပဏီသည် နောက်ထပ်အာမခံအမျိုးအစားသစ်တစ်မျိုးကို ထပ်မံ လျှောက်ထားရမည်။

၆။ အာမခံကုမ္ပဏီက တင်ပြလိုသည့် အာမခံအမျိုးအစားသစ်တစ်မျိုးသည် ၎င်းအတွက် အထူး အရေးပါပြီး လျှို့ဝှက်ထားလိုပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ တိုက်ရိုက်

တင်ပြလျှောက်ထားနိုင်သည်။ ထိုသို့တင်ပြလာသော အာမခံအမျိုးအစားသစ်များအား ခွင့်ပြုရာတွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အပိုဒ် ၃ ပါ အာမခံအမျိုးအစားသစ်များ ခွင့်ပြုခြင်းလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

မောင်မောင်ဝင်း

ဥက္ကဋ္ဌ

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ FRD / IBRB ( ၀၃၄ / ၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ခုနှစ် မတ်လ ၄ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ

ပြည်တွင်းအာမခံကုမ္ပဏီများ

နိုင်ငံခြားအသက်အာမခံကုမ္ပဏီများ

ဖက်စပ်အာမခံကုမ္ပဏီများ

မြန်မာနိုင်ငံအာမခံအသင်း

မြန်မာနိုင်ငံဘဏ်များအသင်း

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီမှုအသင်း

အမိန့်အရ

၄/၃/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့